★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၄၉/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်။



**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ**
**ယခုဆိုရင် (၄)နှစ်(၅)လနဲ့(၉)ရက်ရှိသွားပါပြီ။**

"ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးလိုတယ်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာကို အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးနည်းလမ်းအရ ရှာရမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးအရ ပြည်တွင်းငြိမ်းချမ်းရေးလည်း ရှာရမယ်။ တိုင်းရင်းသားလူမျိုးများ အချင်းချင်းကြားထဲမှာ နားလည်မှုလည်းရှာရမယ်။ အခု ကျမတို့ ဒီမိုကရေစီတိုက်ပွဲကိုတောင်မှ နိုင်ငံရေးနည်းအရပဲတိုက်နေတာ။ နိုင်ငံရေးနည်းအရဆိုတာ နှလုံးရည်တိုက်ပွဲကိုပြောတာဖြစ်ပါတယ်။ ကျမတို့ တိုင်းပြည်ရဲ့အစဉ်အလာမှာ လက်နက်အားကိုးပြီးတော့ နိုင်ငံရေးစနစ်ကိုပြောင်းခဲ့တာ (၃) ခါရှိပါပြီ။ နောက်ထပ်ပြီးတော့ လက်နက်အားကိုးပြီးတော့ နိုင်ငံရေးစနစ်ကိုပြောင်းလဲတယ်ဆိုတာမဖြစ်အောင်လို့ ကျမတို့ပြည်သူလူထုအနေနဲ့ နှလုံးရည်တိုက်ပွဲအရ ပြည်သူလူထုလိုချင်တဲ့စနစ်မျိုးကို ပြောင်းနိုင်တဲ့သတ္တိရှိတယ်ဆိုတာ ပြရပါလိမ့်မယ်။ ဒီလိုသတ္တိရှိမှ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေကို ရမှာပါ။ အခွင့်အရေးတွေကိုတော့လိုချင်တယ်။ လုပ်ရဲကိုင်ရဲတော့ မရှိဘူးဆိုရင် ဒီအခွင့်အရေးတွေရဖို့ အင်မတန် ခဲယဉ်းပါလိမ့်မယ်။"

**(ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် (၁၉၈၉) ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့တွင် ဟောပြောသော မိန့်ခွန်းမှ ကောက်နှုတ်ချက်)**

## ယနေ့ သတင်းများ


**၁။ န အ ဖရဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးကြေညာချက်အပေါ် ကြိုဆိုသည့်ကြေညာချက်တရပ် ထုတ်ပြန်**

**၂။ အဖွဲ့ချုပ် ပါတီအတွင်းရေးမှူးဖြစ်သူ ဦးလွင်နှင့် ဆက်သွယ်မေးမြန်းချက်**

**၃။ ရန်ကုန်မြို့က ကုလသမဂ္ဂသံရုံးတွေကို အာဏာပိုင်တွေက ဝင်ရောက်ရှာဖွေစစ်ဆေးနေပြီ**

**၄။ အင်တာနက်ဖြတ်ခဲ့သဖြင့် လုပ်ငန်းအခက်အခဲများ ကြုံနေကြရပြီ**

**၅။ ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီး ဖြစ်ပေါ်ရေး ဗကသ လုပ်ဆောင်သွားမည်**

**၇။ (၁၂) ရက်၊ (၁၂)နာရီတွင် (၁၂)မိနစ် ငြိမ်သက်ကြရန် ပြည်သူများအား လူငယ်အင်အားစု တိုက်တွန်း**

**၈။ သန်းရွှေပုံပါသည့် မိုးပျံပူဖောင်းများ လွှတ်တင်ခဲ့ကြ**

**၉။ ဒေါ်အောင်ဆန်းစုကြည်နှင့်ဆက်သွယ်ရန် ဆက်ဆံရေးဝန်ကြီးတဦးကို န အ ဖ ခန့်အပ်**

**၁၀။ တရုတ်ဦးဆောင်၍ ကုလသမဂ္ဂတွင် မြန်မာ့အရေးပျော့ပြောင်းညင်သာစေရန် ဆောင်ရွက်**

**၁၁။ လန်ဒန်ရှိ မြန်မာမွတ်စလင်များက ကျင်းပမြဲအစ်ပွဲအစား ဆုတောင်းပွဲပြုလုပ်သွားမည်**

**၁၂။ မြန်မာ့အရေး ကုလအတွင်းရေးမှူးချုပ်ကိုယ်တိုင် ကိုင်တွယ်ရန် ဗြိတိန်အတိုက်အခံခေါင်းဆောင် တိုက်တွန်း**

**၁၃။ လုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ဆုံးဖြတ်ချက်ကျရေး အငြင်းပွားနေဆဲ**


# န အ ဖရဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးကြေညာချက်အပေါ် ကြိုဆိုသည့်ကြေညာချက်တရပ် ထုတ်ပြန်

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမယ်လို့ စစ်အစိုးရဘက်က ကြေညာလိုက်တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်ကလဲ ဒီကနေ့ ကြေညာချက်တရပ် ထုတ်ပြန်ပြီး ကြိုဆိုလိုက်ပါတယ်။

အဲဒီကြေညာချက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ဘက်က လျှော့ပေးရမယ်ဆိုတဲ့ စီးပွားရေးပိတ်ဆို့မှု၊ အလုံးစုံပျက်သုဉ်းမှု၊ ထိပ်တိုက်ရင်ဆိုင်ရေးစတဲ့ အချက်တွေဟာ အခြေအမြစ်မရှိကြောင်း အလေးပေးရှင်းပြထားပြီး ခြွင်းချက်မရှိ အမြန်ဆုံးဆွေးနွေးဖို့ တိုက်တွန်းထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က အဖွဲ့ချုပ်၌ကျင်းပခဲ့သော (၂၀၀၂) ခုနှစ် မေလ (၆) ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးပိတ်ဆို့မှု ဆင်န်ရှင် ကိစ္စဟာ ဒီမိုကရေစီနိုင်ငံတခုက အခြားနိုင်ငံတခုခုကို ဒီမိုကရေစီရရှိရေးအတွက် ဆောင်ရွက်ချက်တရပ်လို့သာ သဘောပေါက်ပါတယ်။ တကယ်တော့ ပြည်သူရဲ့ရေတိုအကျိုးထက်၊ ရေရှည်အကျိုးကို ရှေ့ရှုရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေအားလုံးပြေလည်ဖို့ဆိုရင် အားလုံးသင့်သင့်မြတ်မြတ် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးလိုက်ရင် ပြေလည်သွားမှာပါ။ ကျမတို့ဟာ စီးပွားရေးပိတ်ဆို့မှုများ မတောင်းဆိုခဲ့ပါဘူး ဟု ပြောကြားခဲ့သည်။ ဒီကနေ့ ထုတ်ပြန်တဲ့ အဖွဲ့ချုပ်ကြေငြာချက် ပထမပိုဒ် ဖြစ်ပါတယ်။ ဒုတိယပိုဒ်မှာတော့ စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် လက်တွဲဆောင်ရွက်ခဲ့ပုံအကြောင်းကို အခုလိုဆက်ရှင်းပြထားပါတယ်။

ထို့အပြင် ဒီမိုကရေစီကို ငြိမ်းချမ်းတဲ့နည်းနဲ့သာ ဖော်ဆောင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ကျမ လုံးဝယိမ်းယိုင်မှုမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါဟာ တိုင်းပြည် အနာဂတ်အတွက် အလွန်ပဲအရေးကြီးလို့ ဖြစ်ပါတယ်။ ဒီမိုကရေစီကို ငြိမ်းချမ်းတဲ့နည်းနဲ့မသွားနိုင်ဘူးဆိုရင် အနာဂတ်မှာ မြန်မာပြည်သူများ ကြီးမားတဲ့ ဒုက္ခတွေကို မျှဝေခံစားရမှာမို့ ဖြစ်ပါတယ်။ ကျမတို့ ဘယ်တော့မှ ထိပ်တိုက်တွေ့ရေးကိုသာ ဦးတည်ပြီးမလုပ်ဆောင်ပါဘူးဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည်

သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်း ဆွေးနွေးပြီး သွားမည့်နေရာများ နေ့ရက်များကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် စည်းရုံးရေးခရီးထွက်ခဲ့သည် တကြိမ်တခါတွင် အထက်မြန်မာနိုင်ငံသို့ ခရီးထွက်ခဲ့စဉ် အာဏာပိုင်များ၏ခွင့်ပြုချက်ဖြင့် ၎င်းတို့ လုပ်ဆောင်နေသည့် စီမံကိန်းလုပ်ငန်းများကို ဝင်ရောက်ကြည့်ရှုခွင့်ရခဲ့သည်။ ခရီးစဉ်မှ ပြန်လာပြီးနောက် အာဏာပိုင်များ၏ စီမံကိန်းလုပ်ငန်းတခုအတွက် လိုအပ်နေသည့် ပစ္စည်းကိရိယာများ ရရှိရန်ပင် ကြိုးပေးခဲ့သည်။ တတိယပိုဒ်မှာတော့ ပြည်သူ့လွှတ်တော်ခေါ်ယူရေးနဲ့ အမျိုးသားညီလာခံကို ကန့်ကွက်ခြင်းတွေဟာ ထိပ်တိုက်ရင်ဆိုင်ခြင်း မဟုတ်ဘဲ စစ်အစိုးရရဲ့ ဥပဒေပါအခွင့်အရေးတွေ အတိုင်း တောင်းဆိုခြင်းသာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်နယ်တိုင်းနှင့် မြို့နယ်စည်းရုံးရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနဲ့အညီ ပြည်သူ့လွှတ်တော်တရပ်ကို ခေါ်ယူဖွဲ့စည်းပေးရန် (၁၉၉၈) ခုနှစ်တွင်တောင်းဆိုခဲ့သည်။ ထိုအခါ အာဏာပိုင်များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံဆွေးနွေးရန်ဟု ပြောပြီး နှစ်ရှည်လများ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန် တောင်းဆိုခြင်းသည် အာဏာပိုင်များကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရသာ ဖြစ်သည်။ ဤသည်မှာ ထိပ်တိုက်ရင်ဆိုင်ခြင်း လုံးဝမဟုတ်ပေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များသည် (၁၉၉၃) ခုနှစ်မှ (၁၉၉၅) ခုနှစ်အတွင်း အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့စဉ် အမျိုးသားညီလာခံ၏ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန်အတွက်သာ ညီလာခံဆိုင်ရာအာဏာပိုင်များထံသို့ စာရေးသားပေးပို့၍ တောင်းဆိုခဲ့သည်။ သို့သော် ၎င်းတို့ကလစ်လျူရှုခဲ့၍ အဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ်များ၏ တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်ဖြင့် ယင်းကိစ္စနှင့် စပ်လျဉ်းပြီး တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်သည်အထိ စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း တရားဝင်စာရေးသားပေးပို့ခါ စောင့်ဆိုင်းခဲ့ခြင်းဖြစ်သည်။ ဤကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် လုံးဝဆိုင်ခြင်းမရှိပါ။ ဒီကနေ့ ထုတ်ပြန်တဲ့အဖွဲ့ချုပ်ကြေညာချက် တတိယအပိုဒ် ဖြစ်ပါတယ်။ နောက်ဆုံးနိဂုံးပိုင်းမှာတော့ ဒီလိုအချက်တွေကိုရှင်းပြပြီး ဖြစ်တဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖက်ကနေ စွပ်စွဲမှုဆန်တဲ့ ကြိုတင်ကန့်သတ်ချက်တွေကို မထားဘဲ ခြွင်းချက်မရှိ အမြန်ဆုံး ဆွေးနွေးဖို့ တောင်းဆိုထားပါတယ်။ ဒေါ်ဆောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရေးနှင့် စပ်လျဉ်း၍ အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ခဲ့သော (၂၀၀၂) ခုနှစ်၊ မေလ (၆) ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် မြန်မာပြည်သူလူထုအတွက်အကျိုးပြုမဲ့ ရလဒ်ကောင်းရဖို့ဆိုရင် ကျမတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပြင်သာပြောင်းသာစွာနဲ့တွေ့ဆုံဆွေးနွေးမယ်လို့ မကြာခဏ ပြောခဲ့ပြီးဖြစ်ပါတယ် ဟု ၎င်း (၂၀၀၃) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျင်းပခဲ့သော (၅၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၌ ကျမတို့ဟာ ပြန်လည်ပြီးတော့ သင့်မြတ်ချင်တဲ့စိတ်ဓာတ်တွေ ဆွေးနွေးချင်တဲ့စိတ်ဓာတ်တွေ၊ တနိုင်ငံလုံးမှာ အားလုံး သွေးစည်းစေချင်တဲ့ စိတ်ဓာတ်တွေ နည်းနည်းလေးမှ လျော့မသွားပါဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှလဲ ပုဂ္ဂိုလ်ရေးအရ ကျမတို့ အာဃာတမထားပါဘူး။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဟာ အရေးကြီးဆုံးပါပဲ။ ကျမတို့အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့နဲ့ဖြစ်စေ၊ တပ်မတော်နဲ့ ဖြစ်စေ၊ ဘယ်အဖွဲ့အစည်းနဲ့ဖြစ်စေ လက်တွဲဖို့ရန် လုံးလုံးဝန်မလေးပါဘူး။ နိုင်ငံအတွက်ဆိုရင် ဘယ်သူနဲ့မဆို ကျမတို့ လက်တွဲနိုင်ပါတယ်ဟု ၎င်း ပြောကြားခဲ့သည်။




တိုင်းပြည်နှင့် တိုင်းသူပြည်သားများ၏ ကောင်းရာကောင်းကျိုးများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာကြရမည်မှာ သဘာဝ လုပ်ငန်းစဉ်ဖြစ်ပေသည်။ တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်အောင်မြင်ရန်မှာ တွေ့ဆုံဆွေးနွေးသူများက ပြဿနာရပ်များကို အမှန်တကယ် စိတ်ကောင်းစေတနာကောင်းများနှင့် အပေးအယူပြုလုပ်ခါ သူမနာ ကိုယ်မနာလမ်းစဉ်ဖြင့် ဆောင်ရွက်မှုအပေါ်တွင် တည်ရှိနေပေသည်။ အောင်မြင်မှုဆန္ဒရှိရန်လဲ အရေးကြီးလှသည့် အချက်ဖြစ်သည်။ ၎င်းအပြင် ပြဿနာများကို အမှန်တကယ် ဖြေရှင်းလို၍ တွေ့ဆုံဆွေးနွေးကြမည်ဆိုပါလျှင် ကြိုတင်၍ စည်းကမ်းသတ်မှတ်ချက်များ ထားလေ့မရှိပါ။ နိုင်ငံတွင် ယနေ့ ရင်ဆိုင်နေရသော အပူတပြင်း ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အဓိက လိုအပ်ချက်မှာ တွေ့ဆုံဆွေးနွေးလိုသည့် ဆန္ဒပင်ဖြစ်ပါသည်။ ဤ အခြေအနေမှန်များကို တိုင်းသူပြည်သားများသိရှိနိုင်ရန်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ရည်ရွယ်ပါကြောင်း ကြေညာလိုက်သည်။ ■

## အဖွဲ့ချုပ် ပါတီအတွင်းရေးမှူးဖြစ်သူ ဦးလွင်နှင့် ဆက်သွယ်မေးမြန်းချက်

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

အဖွဲ့ချုပ်ကြေညာချက်အပါအဝင် လက်တလော ဖြစ်ပေါ်နေတဲ့ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးအခြေအနေတွေနဲ့ပတ်သက်ပြီး ပါတီ အတွင်းရေးမှူးလဲဖြစ်၊ ပြောခွင့်ရပုဂ္ဂိုလ်လဲဖြစ်တဲ့ ဦးလွင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းထားပါတယ်။

ဒီဗွီဘီ ။ ။ အစိုးရဘက်ကနေပြီးတော့ ဗိုလ်ချုပ်သန်းရွှေဘက်ကနေပြီးတော့ ဒေါ်စုဖက်ကသာ လျှော့ပေးမယ်ဆိုရင် ဆွေးနွေးမယ်လို့ ပြောတယ်ပေါ့လေ။ ပြီးတော့ မနေ့ညက ဒေါ်စုနဲ့ ဆက်သွယ်ဖို့ဆိုပြီးတော့ အလုပ်သမား ဒုဝန်ကြီးကို ခန့်လိုက်တယ်ဆိုတော့ အဲဒါတွေကို အားလုံးက ထူးတယ်လို့ မျှော်လင့်နေလို့ခင်ဗျ။ အန်ကယ်တို့ ဘယ်လိုများရှင်းပြလို့ရမလဲခင်ဗျ။

“ဒီကိစ္စဟာ အန်ကယ်တို့ လက်တွေ့ ဘယ်လိုပုဂ္ဂိုလ်တွေက ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့ အသေးစိတ်ကိစ္စကို အန်ကယ်တို့ လုံးဝမသိပါဘူး။ အန်ကယ်တို့လဲ ခင်ဗျားတို့ နည်းတူပဲ သတင်းကြားရတာပါ။”

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ခင်ဗျ။ အသေးစိတ်ကတော့ ဒေါ်စုကိုယ်တိုင်ပဲ သိမှာပေါ့ခင်ဗျာ။ ခြုံပြီးတော့ ရော အန်ကယ်တို့ အကောင်းမြင်လား၊ ဘယ်လိုပြောလို့ရမလဲခင်ဗျ။

“ဒါက အန်ကယ်အနေနဲ့ ဟိုဒင်းပေါ့လေ။ လုပ်ငန်းကို ကြိုပြီးတော့ အခက်အခဲတွေ ပြဿနာတွေကို ကျော်လွှားခဲ့ပါတယ်။ အဲဒါ လုပ်ရင်းတန်းလန်းနဲ့ ဒီပဲယင်းကိစ္စ ဖြစ်သွားတာပဲလေ။ အဲတော့ ဒီလိုဖြစ်မလား၊ ဘယ်လိုဖြစ်မလဲဆိုတော့ အတိအကျမသိဘူး။ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ အသေးစိတ် ဟိုတုန်းကလုပ်ခဲ့သလို လုပ်ရမဲ့သဘော ရှိမရှိ ဒါလဲ မသိဘူးလေ။ ဟိုတုန်းက ပြောခွင့်ရပုဂ္ဂိုလ်တွေ၊ ဆွေးနွေးနိုင်တဲ့ပုဂ္ဂိုလ်တွေ

စသဖြင့် ဒီလောက်နဲ့ မပြီးဘူး။ လက်တွေ့မှာ အောက်ခြေမှာ လုပ်ငန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အဖွဲ့အစည်းဖွဲ့ပြီးတော့ လုပ်ပါတယ်။ အခု အဲလိုပေ့ါလေ ဆိုလိုတာက ဒါကိုအကောင်အထည်ဖော်ဖို့ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ အဲဒါတွေက ဘယ်လို အကောင်အထည်ပေါ်လာမယ် ဆိုတာ မပြောနိုင်သေးပါဘူး။”

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ဆိုလိုတာကတော့ သူတို့ သတင်းစာတို့ တီဗီတို့မှာ ကြေညာတာကလွဲရင် လက်တွေ့မှာ အန်ကယ်တို့ဆီကို ဆက်သွယ်တာမျိုး ပြောတာမျိုးမရှိသေးဘူးပေ့ါ အန်ကယ်။

“မရှိပါဘူး။”

ဒီဗွီဘီ ။ ။ အန်ကယ့် အတွေ့အကြုံအရရောခင်ဗျ။ ဒီအတိုင်းပဲ ဖြစ်သွားတာပေ့ါလေ။ အခု ဘာ ကွာတယ်ထင်လဲ ခင်ဗျ။ ရာဇာလီ ခေတ်နဲ့ အခု ဂမ်ဘာရီခေတ်ပေ့ါ။ အခုခေတ်မှာ ပြောလို့ရှိရင် ဟိုတုန်းက အတွင်းရေးမှူးချုပ်က ကိုင်တွယ်တဲ့ကိစ္စပါ။ အခုက ပိုပြီးတော့တဆင့်မြင့်တဲ့ လုံခြုံရေးကောင်စီက ကိုင်တွယ်တဲ့ကိစ္စပါ။ အဲတော့ အခြေခံအားဖြင့် ထူးခြားတယ်။ နောက်တခုက လုပ်ငန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြောခွင့်ရ ပုဂ္ဂိုလ် ဒါမှမဟုတ်ရင် ဆွေးနွေးနိုင်တဲ့ပုဂ္ဂိုလ်တွေ အခုလို ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်ဖက်ဆိုင်ရာဝန်ကြီးနဲ့ စသဖြင့် နှစ်ယောက်ထဲကနေပြီးတော့ ဒီအကောင်အထည်ဖော်နိုင်တဲ့ကိစ္စမျိုးပဲ ကိုင်တွယ်မှုလား။ အခြေအနေက ကိုင်တွယ်ရမဲ့ကိစ္စတွေက အများကြီးရှိမယ်လို့ ထင်ပါတယ်။ အဲတော့ အဲဒီဟာနဲ့ ပတ်သက်လို့တော့ လစ်မစ်တေးရှင်းပေ့ါ။ ဘယ်ကိစ္စကို ဘယ်လောက်ကိုင်တွယ်မယ်ဆိုတဲ့ဟာ အတိုင်းအတာ ဒါတွေလဲ သတ်မှတ်ပေးဖို့ လိုမယ်ထင်ပါတယ်။”

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ အရင်ကလေ အန်ကယ်အခုန ပြောတဲ့အရင်ကဘယ်လိုလုပ်ကြတယ်ဆိုတာ အဲဒါ နည်းနည်းပြောပြလို့ ရမလားခင်ဗျ။ အရင်က ဘယ်လို ဆွေးနွေးကြတယ်ဆိုတာက။

“အရင်က အခြေအနေနဲ့အခု အခြေအနေနဲ့က အများကြီးကွာပါတယ်။ အခုဟာက ရယ်ဒီစပေ့ါ ဗျာ၊ ဆန္ဒပြပွဲတွေလုပ်တဲ့ဟာကို အင်အားနဲ့ အနိုင်မနင်းခံရတယ်ဘာတယ်ဆိုတာ အရင်က ဒါမျိုးမရှိဘူး။ အဲတော့ အခြေအနေပေ့ါလေ။ အခြေခံခဲ့တဲ့ အနေအထားကလဲ တော်တော်လေးကွာပါတယ်။ ဒါတခု နောက်တခုက ဟိုတုန်းကလိုပေ့ါ ရာဇာလီက အစီအစဉ်တခုကို အကောင်အထည်ဖော်တာမဟုတ်ပါဘူး။ အန်ကယ်တို့နဲ့ တဖက်က ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီးတော့ အကောင်အထည်ဖော်ရတယ်ဆိုတော့ လုပ်ငန်းတွေကရှိတယ်။ ပြောလို့ရှိရင် အခုဟာ လောလောဆယ်ဖြစ်နေတဲ့ကိစ္စမှာ အန်ကယ်တို့က ဟိုတုန်းက အန်ကယ်တို့ပါတီအနေနဲ့ ကိုင်တွယ်ဖြေရှင်းတယ်။ အခုဟာ တပြည်လုံးအတိုင်းအတာနဲ့ အန်ကယ်တို့ ရဲ့ ပါတီလှုပ်ရှားမှု မဟုတ်ပဲ တနိုင်ငံလုံးရဲ့ လှုပ်ရှားမှုကို ကိုင်တွယ်ဖြေရှင်းတယ်ဆိုတဲ့အခါကျတော့ တာဝန်ခံအသီးသီးနဲ့ ညှိနှိုင်းရတဲ့သဘောမှာ အန်ကယ်တို့က တိုင်းနဲ့ ပြည်နယ်စသဖြင့် ပါတီရေးရာကိစ္စသာ ကိုယ့်ကိစ္စ ကိုယ်ကိုင်တွယ်တာကိုး။ တပြည်လုံးအတိုင်းအတာနဲ့ အခု ဖြစ်တဲ့အခါကျတော့ မူခင်းရေးရာတို့၊ ဥပဒေရေးရာတို့ စသဖြင့် ကျယ်ပြန့်ပါတယ်။ စဉ်းစားလို့တောင် သိပ်တော့ မရသေးဘူးလေ။ အဲတော့ အဲလောက်ဟာကို ပုဂ္ဂိုလ်နှစ်ဦးထဲနဲ့ တိုင်ပင်ပြီး လုပ်တဲ့အပိုင်းမှာ နောက်ထပ် ဖြစ်ပေါ်လာမဲ့ လုပ်ငန်းစဉ်တွေဘာတွေ စသဖြင့် အဓိကက ပထမဆုံး အန်ကယ်ပြောခဲ့တဲ့ ရီဇော်လူးရှင်းအပေါ်မှာ တည်ပါတယ်။”

ဒီဗွီဘီ ။ ။ ရီဇော်လူးရှင်းဆိုတာ မနေ့ကချတာကို ပြောတာလား အန်ကယ်။

“မနေ့က ချတာက မပြီးသေးဘူးလေ။ ဘယ်လို ကိုင်တွယ်မလဲ ဆိုတာ ရီဇော်လူးရှင်းက အသေးစိတ်လာမယ်လေ။ အန်ကယ်တို့ ဘယ်လို မှန်းထားရမလဲ အခုက အဲလိုဖြစ်တဲ့ကိစ္စကို ဘယ်လိုကိုင်တွယ်မလဲဆိုတဲ့ဟာကကို အခုန ပြောသလို ရီဇော်လူးရှင်းမှာပါရမယ်။ အဲဒါ အဓိကပဲ။” ■

---

## ရန်ကုန်မြို့က ကုလသမဂ္ဂသံရုံးတွေကို အာဏာပိုင်တွေက ဝင်ရောက်ရှာဖွေစစ်ဆေးနေပြီ

***ဗွီအိုအေ၊ ၉ အောက်တိုဘာလ၊ ၂၀၀၇***

စနေနေ့က ရန်ကုန်မြို့မှာရှိတဲ့ ကုလသမဂ္ဂရုံးတချို့နဲ့ **Jica** လို့ ခေါ်တဲ့ ဂျပန် နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီရုံးတွေကို မြန်မာအာဏာပိုင်တွေက ဝင်ရောက်စီးနင်းရှာဖွေခဲ့တယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂဌာနချုပ်က မွန်းလွဲပိုင်း သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ခဲ့ပြီး ပြောဆိုခဲ့ပါတယ်။ဒီအကြောင်း အပြည့်အစုံကို ဒေါ်ခင်စိုးဝင်း က တင်ပြထားပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ကုလသမဂ္ဂရုံးတွေကို မြန်မာအာဏာပိုင်တွေက ဝင်ရောက်စီးနင်းခဲ့တယ်ဆိုတဲ့ သတင်းနဲ့ပတ်သက်ပြီးတော့ ကုလသမဂ္ဂ ဌာနချုပ်မှာကျင်းပတဲ့ နေ့စဉ်ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ပြောခွင့်ရအမျိုးသမီး မီရှဲမွန်းတက်စ် (Michèle Montas) က အခုလို ဖြေပါတယ်။

“ရန်ကုန်မြို့က ကုလသမဂ္ဂရုံးတွေကို ဘယ်အာဏာပိုင်တွေကမှ ဝင်ရောက်စီးနင်းခဲ့တာမဟုတ်သလို ဒီလို ဝင်ရောက်စီးနင်းရှာဖွေဖို့အတွက်ကို လည်း မေတ္တာရပ်ခံခဲ့တာလည်း မရှိပါဘူး။ ရှာဖွေခွင့်ပြုတယ်ဆိုပြီးတော့လည်း ဘယ်ကုလသမဂ္ဂရုံးကမှ လက်ခံရရှိခဲ့တာ မရှိပါဘူးလို့ သူက ဖြေသွားတာပါ။”

ဒါပေမဲ့ ကုလသမဂ္ဂရုံးတချို့နဲ့ တခြားနိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ရုံးခန်းတွေဖွင့်ထားတဲ့ Traders ဟော်တယ်ကိုတော့ လုံခြုံရေးတပ်ဖွဲ့တွေ ဝင်ရောက်ခဲ့တယ်လို့ သူက အခုလို ပြောပြပါတယ်။

“မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက ကိုယ်စားလှယ်တွေ လိုက်ပါလာ ပြီးတော့ လုံခြုံရေးတပ်ဖွဲ့တွေဟာ Traders ဟော်တယ်ကို ဝင်ရောက်လာခဲ့ကြတယ်တဲ့။ အဲဒီဟော်တယ်မှာ ကုလသမဂ္ဂရုံးခွဲတချို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ရုံးခွဲတွေ ဖွင့်လှစ်ထားပြီးတော့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရဲ့ ဌာနေကိုယ်စားလှယ်ကတော့ အဲဒီဟော်တယ်မှာ မနေဘူးလို့ ပြောပါတယ်။”

“ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်တွေက ဒီလုံခြုံရေးတပ်ဖွဲ့တွေ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ဘာရည်ရွယ်ချက်နဲ့ ဒီ Traders ကို လာတာလဲလို့ မေးမြန်းခဲ့ပါတယ်တဲ့။ သူတို့က ကုလသမဂ္ဂရုံးတွေမှာ ဆက်သွယ်ရေးကိရိယာတွေနဲ့ပတ်သက်တဲ့ သုံးစွဲခွင့်လက်မှတ်တွေ ရှိ မရှိ လာရောက်ပြီးတော့စစ်ဆေးကြည့်ရှုတယ်လို့ ဖြေကြားတဲ့အကြောင်းကိုလည်း ပြောပ ပြောပါတယ်။”

ဒါပေမဲ့ ဒီလို ဂြိုလ်တုဆက်သွယ်ရေးကိရိယာတွေ အသုံးပြုခွင့်လက်မှတ်ရယူရမယ်ဆိုတာကို စာနဲ့ရေးပြီးအကြောင်းကြားထားတာ မရှိဘူးလို့ ဆိုပါတယ်။ တကယ်လို့သာ ဒီကိစ္စမှန်ကန်မယ်ဆိုရင် သက်ဆိုင်ရာကနေ သင့်တော်သလို ကြိုတင်အသိပေးအကြောင်းကြားဖို့ လိုတယ်လို့ ပြောပါတယ်။ ရန်ကုန်မှာရှိတဲ့ ကုလသမဂ္ဂ ဝန်ထမ်းတွေက သူတို့ရဲ့ ကွန်ပြူတာတွေထဲက သတင်းအချက်အလက်တွေကို ဖျက်ဖို့ကြိုးစားခဲ့ကြတယ်ဆိုတဲ့ သတင်းတွေကိုတော့ သူ့အနေနဲ့ အတည်မပြုနိုင်ဘူးလို့ မစ္စ မွန်းတက်စ် က ပြောပါတယ်။ ဆက်လက်ပြီးတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ နောက်တကြိမ် မြန်မာနိုင်ငံကိုသွားရောက်မယ့်ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ သတင်းထောက်တွေကမေးမြန်းခဲ့ပါတယ်။ အဲဒီအခါမှာ အခု နောက်ဆုံးသွားခဲ့တဲ့ ခရီးစဉ်က တကယ်အလုပ်ဖြစ်တယ်လို့ သဘောထားမယ်ဆိုရင်တော့တဲ့ ရှေ့ ခရီးစဉ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ ထောက်ခံမှာပါလို့ ပြောပါတယ်။

မစ္စတာဂမ်ဘာရီရဲ့ မြန်မာနိုင်ငံ နောက်ဆုံးခရီးစဉ် အောင်မြင်မှုအတိုင်းအတာကိုတော့ မစ္စတာဂမ်ဘာရီကသုံးသပ်ပါလိမ့်မယ်လို့ ကုလသမဂ္ဂ ဌာနချုပ်ကပြောခွင့်ရအမျိုးသမီး မီရှဲမွန်းတက်စ်က ဖြေကြားသွားပါတယ်။ ■

## အင်တာနက်ဖြတ်ခဲ့သဖြင့် လုပ်ငန်းအခက်အခဲများ ကြုံနေကြရပြီ

*ခေတ်ပြိုင် ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံအတွင်း ပြီးခဲ့သည့် စက်တင်ဘာ (၂၈)မှစ၍ ဖြတ်တောက်ထားသည့် အင်တာနက်လိုင်းကို ယနေ့ပြန်လည်သုံးစွဲနိုင်ပြီဖြစ်သော်လည်း ယင်းသို့ ဖြတ်တောက်ခဲ့မှုကြောင့် လုပ်ငန်းများထိခိုက်ခဲ့ကြောင်း မြို့ခံများထံမှ စုံစမ်းသိရှိရပါတယ်။

သတင်းဂျာနယ်နှင့် အားကစားဂျာနယ် ထုတ်ဝေနေသည့် ဂျာနယ်တိုက်မှ အယ်ဒီတာတဦးက "တိုက်အနေနဲ့ အားကစားနဲ့ နိုင်ငံတကာသတင်းတွေကို အင်တာနက်ကနေယူသုံးနေရလို့ အင်တာနက်ပိတ်ထားအချိန်မှာ ထုတ်ဝေဖို့ ခက်သွားတယ်။ ပြီးခဲ့တဲ့နှစ်ပတ်က ရပ်ထားရတယ်"ဟု ရှင်းပြပါတယ်။

ရန်ကုန်နှင့် မြန်မာနိုင်ငံတဝန်း သံဃာတော်များဦးဆောင်သည့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သဖြင့် ပြီးခဲ့သည့် အပတ်စဉ်ထုတ် ဂျာနယ်များဖြစ်သည့် Weekly Eleven, First Eleven, Premier Eleven ရန်ကုန်တိုင်းမ်၊ ဖလားဝါးနယူးစ်၊ သည်ဗွိုက်စ်၊ ပြည်မြန်မာအပါအဝင် ဂျာနယ်အများအပြား ထုတ်ဝေနိုင်ခြင်းမရှိခဲ့ဟု သိရပါတယ်။

စစ်အစိုးရထံမှ အထူးအခွင့်အရေးရနေသည့် မြန်မာတိုင်းမ်ဂျာနယ် (အင်္ဂလိပ်နှင့် မြန်မာ)၊ ခရိုင်းမ်ဂျာနယ်တို့မှာမူ ပုံမှန်ထွက်နေပြီး အင်တာနက်မှ သတင်းများ ရယူဖော်ပြထားသည်ကို တွေ့ရှိရပြီး မည်သို့မည်ပုံရရှိသည်ကိုတော့ မသိရှိရသေးပါဘူး။

အင်တာနက်အွန်လိုင်းများ ပိတ်ထားသောကြောင့် ရန်ကုန်၊ မန္တလေး အင်တာနက်ကဖေး အားလုံးပိတ်ထားသည့်အပြင် နေအိမ်များမှ ဒိုင်ယယ်အပ်စနစ်နှင့်လည်း မည်သူမျှအသုံးပြု၍ မရကြကြောင်းသိရပါတယ်။

ပြီးခဲ့သည်ရက်ပိုင်းက အင်တာနက်အသုံးပြုရ ခက်ခဲသူ အချို့ကို ထရိတ်ဒါးဟိုတယ်တွင်အခြေစိုက်သည့် ကုလသမဂ္ဂ ယူအန် ဒီပီရုံးမှ အကူအညီပေးနေသည်ဆိုသည့် သတင်းထွက်ပေါ်ခဲ့သဖြင့် စစ်အစိုးရ စသုံးလုံးအဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးခဲ့သေးကြောင်း ထရိတ်ဒါး ဟိုတယ်မှ အမည်မဖော်လိုသူဝန်ထမ်းတဦးကပြောပြပါတယ်။

အဆိုပါ ယူအန်ဒီပီရုံးသည် ဂြိုလ်တုဆက်သွယ်ရေးစနစ်မှ အင်တာနက် အသုံးပြုရခြင်းဖြစ်ပြီး စစ်အစိုးရ၏ မြန်မာ့ဆက်သွယ်ရေးနှင့် မြန်မာအင်ဖိုတက် ဆာဗာနှစ်ခုစလုံးနှင့် ဆက်စပ်ပတ်သက်ခြင်းမရှိကြောင်းသိရပါတယ်။ စစ်အစိုးရက အင်တာနက်လိုင်းများကို ပြည်ပအဆက်အသွယ်ဖြတ်တောက်ထားသော်လည်း ပြည်တွင်း အင်တာနက်သုံးခွင့်ပြုထားကြောင်း ကြေညာခဲ့ပါတယ်။

ထိုသို့ကြေညာခဲ့သော်လည်း နိုင်ငံခြားထွက်မည့် မြန်မာနိုင်ငံ သားများ ပြည်ပထွက်ခွင့်ပုံစံ လျှောက်ထားရသောနေပြည်တော်မှ တင်ထားသည့် D-form ဝက်ဆိုဒ်ကိုလည်း ဝင်ရောက်အသုံးပြု၍မရ သောကြောင့် လေဆိပ်လဝကမှာပင် ဆွေမျိုးရင်းချာတယောက်က အာမခံပေးသည့်စနစ်ကိုကျင့်သုံးကာ ထွက်ခွာခွင့်ပေးနေကြောင်းသိရပါတယ်။

အင်တာနက်လိုင်းများ ဖြတ်တောက်ထားခြင်းကို ဆက်သွယ်ရေးစက်ပစ္စည်းများ ပြုပြင်နေသော ကြောင့်ဟုစစ်အစိုးရက သတင်းထုတ်ပြန်ထားပါတယ်။

ပြီးခဲ့သည့် သံဃာတော်များ ဆန္ဒပြပွဲအတွင်း ပြည်တွင်းမှ ရုပ်ပုံများ၊ ဗီဒီယိုဖိုင်များကို အင်တာနက်လိုင်းမှတဆင့် နိုင်ငံတကာသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ခဲ့သည့်အတွက် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မျက်ဝါးထင်ထင်မြင်ကြရသောကြောင့် ယခုကဲ့သို့ အသုံးပြုခွင့် ပိတ်ပင်ထားခြင်းဖြစ်နိုင်သည်ဟုမြန်မာပြည်သူအများက ယုံကြည်နေကြပါတယ်။ ■

---

## *မမှသည် အမမှကို နိုင်မြဲ။ * *လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ*

---

## ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီး ဖြစ်ပေါ်ရေး ဗကသ လုပ်ဆောင်သွားမည်

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

တတိုင်းပြည်လုံးရှိ ကျောင်းသားအင်အားစုတွေကို ကျစ်လျစ်စွာ စုစည်းပြီး လူထုလူတန်းစားပေါင်းစုံပါဝင်တဲ့ အထွေထွေသပိတ်ကြီး တရပ်ဖြစ်ပေါ်ဖို့ ကြိုးပမ်းဆောင်ရွက်မယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ဒီနေ့ ပြောကြားပါတယ်။ ဒီနေ့ ရက်စွဲပါကြေညာချက်မှာ အဲဒီလိုပြောကြားလိုက်တာဖြစ်တယ်လို့ ဗကသများအဖွဲ့ချုပ် ပြောခွင့်ရသူတဦးက ပြောကြားပါတယ်။

လူထုလူတန်းစားပေါင်းစုံပါဝင်တဲ့ အထွေထွေသပိတ်ကြီးကိုဖော်ဆောင်မယ်လို့ ဗကသများအဖွဲ့ချုပ်က ကြေညာလိုက်သလို မြန်မာပြည်သူတွေကလည်း အခြေအနေပေးတာနဲ့တပြိုင်နက် ဆန္ဒပြပွဲတွေမှာ ပူးပေါင်းပါဝင်ကြမယ်လို့ ပြောဆိုနေကြပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် သဘောထားကြေညာချက် ရက်စွဲ၊ ၂၀၀၇ခု အောက်တိုဘာ ၉ ရက်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော အကြမ်းမဖက်သည့် အမျိုးသားရေးလှုပ်ရှားမှုကြီး၌ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်သည် သံဃာတော်အရှင်မြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈) မျိုးဆက်ကျောင်းသားများ၊ စာပေ၊ ဂီတနှင့် ရုပ်ရှင်အ နုပညာရှင်များ အပါဝင် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများနှင့်လက်တွဲ၍ အဖိနှိပ်ခံပြည်သူ့ဘက်မှ ပြတ်ပြတ်သားသား ရပ်တည်တိုက်ပွဲဝင်ခဲ့သည်။ သံဃာတော်များ၊ ကျောင်းသားများနှင့် ပြည်သူများကို သွေးမြေကျအောင် စစ်အာဏာရှင် မိစ္ဆာဒိဋ္ဌိတို့က ရက်ရက်စက်စက် လူမဆန်စွာ လုပ်ကြံသတ်ဖြတ်မှုကြီးဖန်တီးခဲ့၍ ကျောင်းသားလူငယ်များစွာတို့သည် တိုင်းပြည်အတွက် အသက်နှင့်ခန္ဓာပေးဆပ်ရင်း အလံမလှဲစတမ်း တိုက်ပွဲဆင်နွှဲခဲ့ကြသည်။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂများအဖွဲ့ချုပ်က ကျဆုံးခဲ့ရသော ရဲရဲတောက် ကျောင်းသားညီအစ်ကိုတို့၏ သတ္တိပြောင်မြောက်သော ခွပ်ဒေါင်းစိတ်ဓာတ်ကို စံနမူနာပြု လေးစားတန်ဖိုး ထားရင်း ထိုသူရဲကောင်းတို့ထုံး နှလုံးမူကာ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အခိုင်အမာ သစ္စာပြုလိုက်သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အနေဖြင့် တတိုင်းတပြည်လုံးရှိ ကျောင်းသားသမဂ္ဂများနှင့် ကျောင်းသားတပ်ဦးအသီးသီးတို့အား တပ်ပေါင်းစုအသွင် ကျစ်လျစ်စွာစုစည်းပြင်ဆင်၍ အရေးတော်ပုံကြီးကို ဆက်လက်ဆင်နွှဲသွားရန်နှင့် လူထုလူတန်းစားပေါင်းစုံပါဝင်သော ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီးဖြစ်ပေါ်လာရန်အတွက် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း အလေးအနက်ထုတ်ပြန်ကြေညာလိုက်သည်။

**ဗဟိုစည်းရုံးရေးကော်မတီ**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

## (၁၂) ရက်၊ (၁၂)နာရီတွင် (၁၂)မိနစ် ငြိမ်သက်ကြရန် ပြည်သူများအား လူငယ်အင်အားစု တိုက်တွန်း

*ခေတ်ပြိုင်၊ ၉ အောက်တိုဘာလ၊၂၀၀၇*

အောက်တိုဘာ (၁၂)ရက်မှစတင်ကာ (၃)ရက်တိတိ နေ့လည် (၁၂)နာရီအချိန်တွင် မြန်မာပြည်သူပြည်သားများအနေဖြင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်ကိုပြသရန် မိမိတို့၏နေအိမ်များတွင် (၁၂)မိနစ်တိတိ နေပေးကြပါရန်နှင့် မလွဲမရှောင်သာ အပြင်သို့ရောက်ရှိနေပါကလည်း အမိုး အကာများအောက်သို့ ခဏဝင်ပေးကြပါရန် လူငယ်အင်အားစုအဖွဲ့က ယနေ့ကြေညာချက်ထုတ်ပြန်တိုက်တွန်းလိုက်ပါတယ်။

စာပေ၊ ဂီတအနုပညာရှင်များ၊ ဝန်ထမ်းများ၊ ကွန်ပျူတာပညာ ရှင်လူငယ်များနှင့် ကျောင်းသားလူငယ်များပါဝင်သည့် Generation Wave ခေါ် အကြမ်းမဖက်အမျိုးသားရေးလှုပ်ရှားမှု လူငယ်အင်အားစု(မြန်မာနိုင်ငံ) က ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။

ယင်းအဖွဲ့မှ အဖွဲ့ဝင်တဦးဖြစ်သူ ကိုကျော်ကျော်က "ပြည်သူတွေ ဟာ ဒီစနစ်ကိုမကြိုက်ဘူး။ သူတို့ဆန္ဒပြချင်တယ်၊ ဒါပေမယ့် သူတို့ရဲ့ဆန္ဒကို ထုတ်ဖော်ရမှာလည်း သူတို့အရမ်းကြောက်တယ်။ အဲလိုလူမျိုးတွေအတွက် ကျနော်တို့က ကိစ္စတခုကို ပြုလုပ်တာမဟုတ်ဘဲနဲ့ မပြုလုပ်တဲ့အနေနဲ့ ဆန္ဒပြ တာပါ။ အကယ်၍ အလုပ်ကိစ္စတခုခုရှိလို့ အပြင်သွားကြရရင်လည်း (၁၂) နာရီထိုးတဲ့အချိန်မှာ အမိုးအကာအောက်တွေမှာပဲဖြစ်ဖြစ် နောက်ဆုံးဘတ်စ် ကားဂိတ်က အမိုးအောက်လေးမှာပဲ ဖြစ်ဖြစ် (၁၂)မိနစ်ငြိမ်ငြိမ်လေးနေ ပေးပို့ပါ"ဟုပြောပါတယ်။

မြန်မာနိုင်ငံတွင် ပြည်သူလူထုတရပ်လုံး၏ အထွေထွေအကျပ် အတည်းအတွက် ငြိမ်းချမ်းစွာမေတ္တာပို့ဆန္ဒပြနေကြသော ရဟန်းသံဃာ သီလရှင်ဆရာလေးနှင့် ကျောင်းသားပြည်သူများအား စက်တင်ဘာ(၂၆)ရက် နေ့လည် (၁၂)နာရီအချိန်တွင် စစ်အာဏာရှင်အစိုးရမှ စစ်အင်အားသုံးကာ အကြမ်းဖက်ဖြိုခွဲခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားပါတယ်။

ထိုကဲ့သို့ ရက်စက်စွာ ပစ်ခတ်ရိုက်နှက်ဖြိုခွင်းမှုကြောင့် ရဟန်း ရှင်လူ ကျောင်းသားပြည်သူ အာဇာနည်များ၊ စစ်ကြောရေးစခန်းများတွင် ရိုက်နှက်ညှင်းပမ်းမှုများကြောင့် သေဆုံးသွားကြရသူများအတွက် ရည်စူး၍ မြန်မာပြည်သူပြည်သားများအနေဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ရန် ပန်ကြားရခြင်းဖြစ်ကြောင်းလည်း ဖော်ပြပါရှိပါတယ်။

Generation Wave အုပ်စုသည် လူငယ်များ၏ ရိုက်ခက်မှု လှိုင်းအဖြစ်ပေါ်ထွက်လာသည့် လူငယ်အုပ်စုဖြစ်ပြီး မြန်မာနိုင်ငံတွင် စနစ် တခုပြောင်းရေးအတွက် ကြိုးစားကြခြင်းဖြစ်ကြောင်း ကိုကျော်ကျော်က ပြောပါ တယ်။

"ပြည်သူတွေကတော့ ဒီစနစ်ကြီးကို ရွံ့မုန်းနေတဲ့အဆင့်မှာ ရှိနေ ပါတယ်။ ဒါကြောင့်သူတို့အလုပ်နိုင်ဆုံးဖြစ်မယ်ဆိုတဲ့အဆင့်ကို စတာပါ။ နောက်ထပ်ခြေလှမ်းတွေအများကြီးလည်း ဆက်ပြီးလှမ်းအုံးမှာပါ"ဟု ၎င်းက ပြောပါတယ်။ ■

---

**Do (or) Die**

ဒီအတိုင်း အရှုံးပေးပြီး

**ရဲဝံ့စွာနဲ့ နိုင်အောင်**

## သန်းရွှေပုံပါသည့် မီးပုံ့ပူဖောင်းများ လွှတ်တင်ခဲ့ကြ

*ရိုးမ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့တွင် ဆန္ဒပြပွဲများငြိမ်သက်နေသော်လည်း ဆန္ဒပြ ဖော်ထုတ်မှုများ ယခုရက်ပိုင်းအတွင်း နေရာအနှံ့ ဖြစ်ပေါ်ခဲ့သည်။ ယနေ့ နံနက်က စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေပုံပါသည့် မီးပုံ့ ပူဖောင်းများကို သင်္ဃန်းကျွန်းမြို့နယ်အတွင်း လူငယ်တစုက လွှတ်တင်ခဲ့ရာ လူအများအပြား အံ့ဖွယ်ကြည့်ရှုခဲ့ကြသည်။

"ဂနာရီ ၄၅မိနစ်လောက်က စံပြဈေးရှေ့မှာ ဖြစ်သွားခဲ့တာ၊ ထိပ်ပိုင်းမှာ လူသတ်ကောင်လို့ရေးထားတယ်။ သန်းရွှေဓါတ်ပုံပေါ်မှာ နာဇီ တံဆိပ် စကြာပုံကပ်ထားတယ်၊ထူးခြားတာက အနီးကလူတွေ ရှောင်မသွားပဲ ကို ဝိုင်းအုံးပြီး ကြည့်ခဲ့ကြတာ" ဟု မျက်မြင်သက်သေတဦးကပြောသည်။

ပူဖောင်းနှစ်လုံးတွင် တပုံကျချိတ်ဆွဲကာ အလုံးပေါင်း (၁၂၀)ဖြင့် ပုံ (၆၀) အားချိန်ဆွဲ လွှတ်တင်လိုက်သဖြင့် အားဏာပိုင်များ၏ လိုက်လံ ဖျက်ဆီး၍မရနိုင်အောင် ပြုလုပ်ခဲ့ခြင်းမှာလဲ စိတ်ဝင်စားဖွယ်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ပြီးခဲ့သည့် (၇) ရက်နှင့် ၈ရက်နေ့များတွင်လည်း ဗိုလ်ချုပ်ပန်းခြံ မဟာဗန္ဓုလပန်းခြံနှင့် အင်းစိန်ထောင်နံရံများတွင်လည်း ပိုစတာများ ပိတ်စ များကပ်ကာ ပြောက်ကျားလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

ဗိုလ်ချုပ်ထားခဲ့သည့်စစ်တပ် လူတွေကို သတ်နေပြီ၊ ရဟန်းသံဃာ တွေကို သတ်နေပြီ၊ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကို ဥပဒေမဲ့ ဖမ်းဆီး နေသည့်ဟူသည်များကို ပိတ်စပေါ်တွင် ရေးသားကာ (၇)ရက်နေ့ (၉)နာရီ ခန့်က ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင်ထောင်ထားခဲ့သည်ဟု ဆိုသည်။

တပြိုင်နက်တည်းတွင် ဗဟာဗန္ဓုလပန်ခြံအတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်တွင်လည်း ဆူးလေစေတီနှင့် မြို့တော်ခန်းမအနီးရှိ ကျောက်တိုင် ကို လွတ်လပ်ရေးနေ့ ကဗျည်းများထိုးခဲ့သည်ဟု ရေးသားထားသည့် ပိုစတာ တခုကို ကပ်ခဲ့သည်။

"(၈)ရက်နေ့ကတော့ နေရာ (၃) ခုမှာ ပုံစံတူလုပ်ခဲ့တာ၊ ငှက်ပျော တုံးဖောင် လုပ်ပြီး၊ ရေထဲမှာမျောခဲ့တာ ဗိုလ်အောင်ကျော်လမ်း ဆိပ်ကမ်းသာ ဒဂုံမြို့သစ်တောင်ပိုင်းက ယုဇနဥယျာဉ်မြို့တော်အနီးက မြစ်ထဲတွေမှာ မျောခဲ့ တာ ပိုစတာတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ ကျဆုံးသွားခဲ့သည့် ရဟန်းရှင်လူပြည်သူများ ကောင်းရာ သုကတိလားပါစေဆိုတာတွေရေးသားပြီး ငှက်ပျောတုံးမှာ စိုက်ပြီး မျောခဲ့ တာ" ဟု ရန်ကုန်မြို့ခံတဦးက ဆိုသည်။

စစ်အစိုးရတပ်ဖွဲ့များက ညဖက်တွင် ဘုန်းကြီးကျောင်းများနှင့် လူနေရပ်ကွက်များအတွင်း ဝင်ရောက်စီးနင်းဖမ်းဆီးမှုများ ပြုလုပ်လျှက်ရှိရာ ယမန်နေ့ည (၉) နာရီခန့်က သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မဂ္ဂင်ကျောင်း တိုက်သို့ ထပ်မံဝင်ရောက်ခဲ့သည်။

"ညကိုးနာရီက စစ်သား (၁၀) ယောက်လောက်ရှိမယ်၊ ကျောင်း ကိုလာပြီး ပစ္စည်းတွေ ထပ်သိမ်းသွားတာ စာရွက်စာတမ်းက ပိန့်အိတ် နှင့်တလုံး၊ ကွန်ပြူတာတလုံး၊ နောက်ပြီးတော့ ငွေက နှစ်သိန်းခြောက်သောင်းကျပ် ထပ်သိမ်း သွားတယ်၊ မဂ္ဂင်ဆရာတော်ကိုလည်း အင်းစိန် ဂျီတီအိုင်ဝန်းကနေ ထုတ်သွား တယ်လို့ပြောတယ်၊ ဘယ်နေရာဆိုတာ မသိရဘူး"ဟု မြို့ခံတဦးက ဆိုသည်။

ယမန်နေ့ နေ့လည် (၂) နာရီကလည်း မြို့နယ် (မယက) နှင့် ရဲတပ်ဖွဲ့ များက အဆိုပါကျောင်းကိုဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့ရာ မဂ္ဂင်ဆရာတော်အား မတွေ့ရသဖြင့် ဖမ်းဆီးထောင်ချရန် အချက်အလက်ရှာဖွေနေခြင်းဖြစ်သည်ဟု ရပ်ကွက်နေသူများက ပြောဆိုနေကြသည်။

"ယခုလက်ရှိကို ရဲထောက်လှမ်းရေးတွေ ဘုန်းကြီးကျောင်းထဲမှာ ရှိနေတယ်၊ ဘုန်းကြီးကျောင်းထဲကို ဝင်လာခဲ့တဲ့လူတွေကို ဖမ်းဆီးဖို့ပြင်ထားတဲ့ ပုံပဲ"ဟု မျက်မြင်သက်သေတဦးကဆိုသည်။ ■

## ဒေါ်အောင်ဆန်းစုကြည်နှင့်ဆက်သွယ်ရန် ဆက်ဆံရေးဝန်ကြီးတဦးကို န အ ဖ ခန့်အပ်

*ခေတ်ပြိုင်၊ ၉ အောက်တိုဘာလ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အစိုးရတို့အကြား ဆက်သွယ်ဆောင်ရွက်ရန် အလုပ်သမားဒု–ဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း နအဖ စစ်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ထိုသို့ခန့်အပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘရာဟာမ် ဂမ်ဘာရီက ပြီးခဲ့သည့် သီးတင်းပတ် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် အကြံပေးခဲ့ခြင်းဖြစ်ပြီး ထိုအကြံပြုချက်ကို လေးစားသောအားဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နောက်တွင် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန် ဦးအောင်ကြည်ကို တာဝန်ပေးသည်ဟု ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ပါရှိပါတယ်။

ယင်းအမိန့်ကို အောက်တိုဘာ(၈)နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးကြီးသန့်ရှင်းက ထုတ်ပြန်ခြင်းဖြစ်ပြီး၊ ဦးအောင်ကြည်အနေဖြင့် မည်သည့်အချိန်မှစတင်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ဆောင်ရွက်မည်ကိုမူ မသိရှိရသေးပါ။

နအဖစစ်အစိုးရ၏ ယခုကဲ့သို့ ဆောင်ရွက်မှုကို ရှေ့တိုးလုပ်ဆောင်ချက်တရပ်အဖြစ် ရှုမြင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပြပါတယ်။

၎င်းက "သိပ်အသေးစိတ်တော့ ကျနော်မသိသေးပါဘူး။ ဒါပေမယ့်လို့ ခုဒီအခြေအနေမှာတော့ လုပ်ရိုးလုပ်စဉ်ထက် ရှေ့တလှမ်းတော့ တိုးလာတာပေါ့။ အဲဒီသဘောတော့မြင်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးကို အလေးအနက်ထား လုပ်ဆောင်လာတယ်ဆိုတဲ့ အဲသလိုထက်မြင်ချက်တော့ ကျနော်တို့ မပေးချင်ဘူးဗျ။ ဘာဖြစ်လို့လဲဆို အခုမှစသွားနေတာ။ အရင်တုန်းက ဆက်ဆံရေးအရာရှိဆိုပြီး တရားဝင်မရှိခဲ့ပါဘူး။ တရားဝင် အခုလိုမျိုးထားလာတာ ပထမဆုံးလို့ ပြောလို့ရပါတယ်"ဟုပြောပါတယ်။

ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်လက်ထက်က ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရအကြား ဆက်သွယ်ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို နအဖစစ် ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးချုပ်သန်းထွန်းက ဆောင်ရွက်ခဲ့ဖူးပါတယ်။

ဆက်ဆံရေးဝန်ကြီးဖြစ်လာသူ အငြိမ်းစားဗိုလ်ချုပ် ဦးအောင်ကြည်သည် စစ်ဦးစီးတက္ကသိုလ်၌ သင်တန်းဆရာတဦး အဖြစ်လည်းကောင်း၊ လူဝန်မှုကြီးကြပ်ရေး ဒု–ဝန်ကြီးအဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ပြေပြေပြစ်ပြစ်ဆက်ဆံနိုင်သူတဦးဖြစ်သည်ဟု ထိုင်းနိုင်ငံ ချင်းမိုင်မြို့အခြေစိုက် အရပ်ဘက် စစ်ဘက်ဆက်ဆံရေးလေ့လာသူ ဦးဝင်းမင်းကပြောပါတယ်။

၎င်းက"သူ့ကိုခန့်တာတော့ကောင်းပါတယ်။ တခြားဗိုလ်ချုပ်တွေထက်စာရင်တော့ သူက ဆက်ဆံရေးပိုပြီးတော့ ပြေပြစ်ပြီး အဖြေရအောင်ရှာတတ်တဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့လူမျိုးဖြစ်ပါတယ်။ အထက်အရာရှိနားပေါက်အောင်လည်းပြောနိုင်တယ်"ဟု ပြောပါတယ်။

ဦးအောင်ကြည်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ထံ အမြန်ဆုံးသွားရောက်ကာ ဒေါ်အောင်ဆန်းစုကြည် ပြောကြားလိုသည့် စကားများကို ဗိုလ်ချုပ်မှူးကြီးထံ တိုက်ရိုက်ပေးပို့၍ လုပ်ငန်းစဉ်စတင်သင့်ကြောင်း၊ ထိုသို့မလုပ်ဆောင်ပါက တွေ့ဆုံဆွေးနွေးရေးတကယ်ဖြစ်မြောက်စေလိုသည်ထက် နိုင်ငံတကာဖိအား လျော့ချရေးအတွက် လုပ်ဆောင်ခြင်းသက်သက်သာဖြစ်သွားမည်ဟု ဦးဝင်းမင်းကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်မှုနှင့် စီးပွားရေးပိတ်ဆို့မှုတို့ကို စွန့်လွှတ်ပါက တိုက်ရိုက်တွေ့ဆုံစကားပြောမည်ဟု နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ထုတ်ဖော်ကြေညာထားပြီး ယင်းကမ်းလှမ်းချက်ပေါ် ဒေါ်အောင်ဆန်းစုကြည်ဘက်က မည်သို့သဘောထားရှိသည်ကိုမူ မသိရှိရသေးပါ။ ■

---

## တရုတ်ဦးဆောင်၍ ကုလသမဂ္ဂတွင် မြန်မာ့အရေးပျော့ပြောင်းညင်သာစေရန် ဆောင်ရွက်

*ရိုးမ၊ ၉ အောက်တိုဘာလ၊ ၂၀၀၇*

တရုတ်နိုင်ငံက ဦးဆောင်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အနောက်နိုင်ငံများမှ ကမကထလုပ်အဆိုပြုထားသော မြန်မာအစိုးရ၏ ဖိနှိပ်နေမှုများကို အပြစ်ပေး အရေးယူရန် အဆိုပြုချက်ကို ယမန်နေ့က (၃)နာရီကြာ ကျင်းပခဲ့သည်။




နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ အကြမ်းဖက်မှုများ အဆုံးသတ်ရေးတို့အတွက် စစ်အစိုးရအား ပြင်းထန်စွာ တားမြစ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

"သူတို့ဟာ ဒီညနေမှာ အဆိုပြုချက်ကို အစအဆုံး ပြန်လည်ကြည့်ရှုပြင်ဆင်ဖို့ ရည်ရွယ်ထားပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ အစိုးရတွေရဲ့ ထင်မြင်ယူဆချက်နှင့် ညွှန်ကြားချက်များကို ရည်ညွှန်းလုပ်ကိုင်ရပါလိမ့်မယ်" ဟု ဂါနာနိုင်ငံမှ အယ်လ်ဘတ် ယန်းကီးက AFP သို့ ပြောသည်။

မြန်မာစစ်အစိုးရ၏ ငြိမ်းချမ်းစွာဆန္ဒပြသူများကို ဖိနှိပ်မှုနှင့် စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှုအား 'လက်မခံနိုင်ဘူး' ဘုံသဘောတူညီချက် တောင်းဆိုမှု တခုဖြစ်စေသည်ဟု ယန်းကီးက ပြောသည်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့ လိုအပ်ကြောင်းနှင့် ဂမ်ဘာရီ ခရီးစဉ်ကို ထောက်ခံကြောင်း ဖော်ပြမှု"တွင်လည်း သဘောတူညီကြသည်။

တရုတ်နိုင်ငံကိုယ်စားလှယ်သည် ယမန်နေ့တင်ပြချက်များကို နောက်ပြန်ဆွဲ ငြင်းဆန်ခဲ့ပြီး၊ ပိုမိုပျော့ပြောင်းသည့် ဆုံးဖြတ်ချက်များကို ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

"စွဲချက်တင် စီရင်ချက်ချသည် (condemn) "ဟူသော စကားလုံးအစား "အလွန်ပြင်းထန်စွာ စိတ်မကောင်းဖြစ်မိသည် (strongly deplore)" ဟူသော စကားလုံးဖြင့် အစားထိုးခြင်း၊ နောင်လုပ်ဆောင်မည့် အဆင့်များနှင့်ပတ်သက်၍လည်း လုံခြုံရေးကောင်စီမှ အခြေအနေများကို ဆက်လက်စောင့်ကြည့်နေသည်ဆိုသည့်အစား "ထင်မြင်ချက် အကြံဉာဏ် များပေးသည်" ဟု အစားထိုးစေခဲ့သည်။

"တရုတ်နိုင်ငံဟာ မြန်မာအာဏာပိုင်များနဲ့ ဆက်သွယ်ဖို့နဲ့ ကူညီလုပ်ကိုင်ဆောင်ရွက်ဖို့အတွက် အဓိက အခန်းကဏ္ဍကပါရမှာ ဖြစ်ပါတယ်။ ဂမ်ဘာရီကိုလည်း ထည့်သွင်းအသုံးပြုရမှာဖြစ်တယ်။ ၎င်း ကြားခံနှစ်ခုစလုံးကိုလည်း 'အန္တရာယ်ဒုက္ခမဖြစ်စေရန်' အဖွဲ့ဝင်နိုင်ငံများကလည်း စိတ်ထက်သန်နေကြပါတယ်" ဟု အယ်လ်ဘတ်ယန်းကီးက ဆိုသည်။

စစ်အစိုးရကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ကြားခံကိုယ်စားလှယ်တဦးကို ခန့်အပ်ထားလိုက်သော်လည်း ဒေါ်အောင်ဆန်းစုကြည်အား တဖက်သတ်စွပ်စွဲချက်များ ကြိုတင်ထားရှိခြင်းအတွက် ဆွေးနွေးပွဲအောင်မြင်နိုင်မည့် အလားအလာ အလွန်နည်းပါးနေသည်ကို တွေ့ရသည်။

စစ်အစိုးရတပ်ဖွဲ့များက နိုင်ငံအနှံ့ဆန္ဒပြရာတွင် ပါဝင်သည့် ဘုန်းကြီးကျောင်းများနှင့် ရပ်ကွက်များအတွင်း ဝင်ရောက်စီးနင်းဖမ်းဆီးမှုများကို ယမန်နေ့ထိတိုင် ပြုလုပ်နေဆဲဖြစ်သည်။ ■

## လန်ဒန်ရှိ မြန်မာမွတ်စလင်များက ကျင်းပမြဲအစ်ပွဲအစား ဆုတောင်းပွဲပြုလုပ်သွားမည်

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

လန်ဒန်ရောက် မြန်မာမွတ်စလင်များက (၄) နှစ်ဆက်တိုက် နှစ်စဉ်ကျင်းပတဲ့ အစ္စလမ်ထုံးတမ်းစဉ်လာ ဝါကျွတ်အစ်ပွဲတော်ကို အခုနှစ်မှာ မကျင်းပတော့ဘဲ မြန်မာပြည် ငြိမ်းချမ်းရေးဆုတောင်းပွဲများကိုသာ ပြုလုပ်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ မြန်မာပြည်က ဝမ်းနည်းဖွယ်ရာ အခြေအနေတွေကြောင့် အောက်တိုဘာ (၁၈) ရက်မှာကျင်းပဖို့ စီစဉ်ထားတဲ့ အစ်ပါတီပွဲကို မကျင်းပတော့ဘူးလို့ လန်ဒန် မြန်မာမွတ်ဆလင်အစည်းအရုံး တာဝန်ရှိသူ ကိုကျော်စွာက ပြောကြားပါတယ်။

"ကျနော်တို့တိုင်းပြည်ထဲမှာ ဒီလောက် သတ်နေဖြတ်နေတဲ့ ဟာတွေက။ သူများတွေအားလုံးက စိတ်ဆင်းရဲနေရတဲ့အချိန်ဖြစ်နေတယ်။ ဘာသာရေးနဲ့ဆိုင်တဲ့ ရဟန်းသံဃာတော်တွေကို အမျိုးမျိုး နှိမ်နင်းနေတဲ့ အချိန်မှာ ကျနော်တို့ဘာသာကနေ ဒီအချိန်မှာ ပျော်ဖို့၊ ဒီဟာက ပျော်ပွဲရွှင်ပွဲ တခုပဲလေ။ ပျော်ရမယ့်အချိန်မဟုတ်ဘူးလို့ ကျနော်တို့ကယူဆပြီး ဒီဟာကို ဖျက်သိမ်းလိုက်တယ်။"

ဥပုသ်လပြီးဆုံးတဲ့အထိမ်းအမှတ်အစ်ပွဲ အစ်ဒိုရှစ်တရီကို မကျင်းပတော့ဘဲ မြန်မာပြည်တွင်းမှာ စစ်အစိုးရရဲ့ ဖိနှိပ်ညှဉ်းပန်းသတ်ဖြတ်မှုများကို ရင်ဆိုင်ခံစားနေရတဲ့ ပြည်သူများအတွက် ငြိမ်းချမ်းရေးဆုတောင်းပွဲများကိုသာ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကိုကျော်စွာက ပြောပါတယ်။

"ကျနော်တို့ တိုင်းပြည်ငြိမ်းချမ်းသွားတဲ့အချိန်ကျမှ ကျနော်တို့ နှစ်တိုင်းကျင်းပသွားလို့ရတယ်လေ။ ဆုတောင်းပွဲတွေလည်း ကျနော်တို့ တောက်လျှောက်လုပ်နေပါတယ်။ တတ်နိုင်သလောက် စုရုံးပြီးတော့ နေရာအလိုက် ကျနော်တို့ဆိုရင်အိစ်လန်ဒန်ဘက်မှာပေါ့၊ ကျနော်တို့ညီအစ်ကိုတွေကို ခေါ်ပြီးတော့ ဆုတောင်းပွဲလုပ်မယ်။ အခုဆိုရင်လည်း ဆုတောင်းပွဲ လုပ်နေတာပဲ။" ■




## မြန်မာ့အရေး ကုလအတွင်းရေးမှူးချုပ် ကိုယ်တိုင် ကိုင်တွယ်ရန် ဗြိတိန်အတိုက်အခံခေါင်းဆောင် တိုက်တွန်း

*ဗွီအိုအေ၊ ၉ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာနိုင်ငံရဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီးတော့ ဗြိတိသျှ အတိုက်အခံပါလီမန် ခေါင်းဆောင်တဦးက အခု မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင် ဂမ်ဘာရီ (Ibrahim Gambari) ရဲ့ ခရီးစဉ်ဟာ အောင်မြင်မှုမရှိပဲ ပြန်လာခဲ့တယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒ့ါအပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ကမ်းလှမ်းမှုကိုလည်းလက်မခံဘူးလို့ ပြောကြားခဲ့ပါတယ်။ အပြည့်အစုံကို ဦးကျော်ဇံသာ က ဆက်ပြီးတင်ပြထားပါတယ်။

ဒီလို ပြောဆိုလိုက်တဲ့ ပုဂ္ဂိုလ်ကတော့ ဗြိတိန်ပါလီမန်မှာ အတိုက်အခံဘက်ကခန့်ထားတဲ့ ထောက်ပံ့ရေးဆိုင်ရာ တာဝန်ခံ adowMinister မစ္စတာ အင်ဒရူး မစ်ရဲ့ (Andrew Mitchell) ဖြစ်ပါတယ်။ သူက မစ္စတာ ဂမ်ဘာရီဟာ မြန်မာပြည်ကိုသွားပြီးတော့ လက်ချည်းဗလာပြန်လာခဲ့တယ်လို့ ဆိုပါတယ်။ သူက မစ္စတာ ဂမ်ဘာရီ ရရှိခဲ့တာတွေကို လုံးဝအားမရပါဘူး။ ဒါကြောင့် မစ္စတာဘန်ကီမွန်း (Ban Ki-moon) အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင်သွားပြီးတော့ ဆောင်ရွက်သင့်တယ်ဆိုပြီးတော့ အခုလို ပြောတာဖြစ်ပါတယ်။

"မစ္စတာ ဂမ်ဘာရီဟာ မြန်မာပြည်ကို သွားခွင့်ရခဲ့တာဟာ



ကောင်းတဲ့အလုပ်တခုကို လုပ်ခဲ့ခြင်းပါပဲ။ ဒါပေမဲ့ စစ်အစိုးရနဲ့ပတ်သက်ပြီး လုံလောက်တဲ့တိုးတတ်မှုရရှိအောင် မလုပ်နိုင်ခဲ့ပါဘူး။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုယ်တိုင်သွားပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ သံဃာတော်တွေ၊ လူထုတွေကို ရက်ရက်စက်စက် ရိုင်းရိုင်းစိုင်းစိုင်း နှိပ်ကွပ်ခဲ့တဲ့ ကိစ္စကို ကန့်ကွက်သင့်ပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း သည်သာ ဒီကိစ္စမှာ အဓိက ဆောင်ရွက်နိုင်မယ့်ပုဂ္ဂိုလ်၊ သင့်လျော်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံအရေး ဆောင်ရွက်ရမယ့် တာဝန်ဟာ အလျော့ပေးလိုက်လို့ရတဲ့ တာဝန်မဟုတ်ပါဘူး။ စစ်အစိုးရဟာ ဒီလိုမျိုး ဆက်နေလို့မရဘူးဆိုတာကို ဆွဲဆောင်ပြောကြားဖို့လိုအပ်ပါတယ်။ အဓိပ္ပါယ်ပြည့်ဝတဲ့ နိုင်ငံရေးဖြစ်စဉ်တရပ် ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ အဲသလို ဖြစ်စဉ်ဟာ စစ်အစိုးရအတွက်ရော တိုင်းပြည်နဲ့တကွ ဒေသအတွက်ပါ အကျိုးရှိစေမယ့် ဖြစ်စဉ်ဖြစ်ရပါလိမ့်မယ်။"

ဒါပေမဲ့ မစ္စတာ ဂမ်ဘာရီ သွားခဲ့ပြီးတဲ့နောက်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က ဒေါ်အောင်ဆန်းစုကြည် နဲ့တွေ့မယ်လို့ ပြောလာတယ်။ အခုဆိုရင် ဆက်ဆံရေးအရာရှိလို့ သူတို့ခေါ်တဲ့ ဆက်ဆံရေး ဝန်ကြီး တဦးတောင်မှ ခန့်ပြီး လုပ်လာတယ်။ ဒီဟာတွေကိုရော တိုးတတ်မှုလို့ မယူဆနိုင်ဘူးလားလို့ မေးတဲ့အခါမှာတော့ သူက သိပ်လက်မခံချင်ဘူး။

"ဒါတွေက အသေးအမွှား ကလေးတွေပါ၊ မဆိုသလောက် တိုးတက်မှုမျှသာ ဖြစ်ပါတယ်။ စစ်အစိုးရ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒေါ်အောင်ဆန်းစုကြည် နဲ့ တွေ့ဖို့အရေး အဓိပ္ပါယ်မရှိတဲ့ ကြိုတင်သတ်မှတ်ချက်တွေ၊ စည်းကမ်းချက်တွေ ချထားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဖက်ကတော့ ဘာစည်းကမ်း သတ်မှတ်ချက်မှ မရှိပါဘူး။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ကသာလျှင် ပြည်သူလူထုက ထောက်ခံတဲ့ လေးစားတဲ့ တရားဝင်ပြည်သူ့ခေါင်းဆောင် ဖြစ်ပါတယ်။ ဒီဗိုလ်ချုပ်ကြီးတွေဟာ အာဏာကို မတရားရယူထားသူတွေသာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ဗိုလ်ချုပ်မှူးကြီးက စည်းကမ်းသတ်မှတ်ချက်တွေ ထားတယ်ဆိုတာဟာ

လုံး၀ လက်မခံနိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ခြင်းလွှတ်ပေးဖို့ လိုအပ်ပါတယ်။”

ဗြိတိန် အတိုက်အခံပါလီမန်ခေါင်းဆောင်မစ္စတာ အင်ဒရူး မစ်ရဲ ဒါဖြင့်ရင် ဒီနေရာမှာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ဘာဆက်လုပ်သင့်ပါသလဲ။ ဘယ်လိုများဆက်လက်ပြီး အရေးယူဆောင်ရွက်ရင် မြန်မာနိုင်ငံ အခြေအနေ ရှေ့ကိုတိုးတတ်လာမလဲလို့ မေးတဲ့အခါမှာတော့သူ့အယူအဆကို အခုလို ပြောပါတယ်။

“စစ်အစိုးရကို အရေးယူ ပိတ်ဆို့မှုအသစ်တွေ ချမှတ်သင့်တယ်လို့ ထင်ပါတယ်။ စစ်အစိုးရရဲ့လုပ်ရပ်တွေကို နိုင်ငံတကာ ရာဇ၀တ်မှုဆိုင်ရာခုံရုံး International Criminal Court ကို တင်သင့်ပါတယ်။ မြန်မာပြည်ကထွက်ပြီး နိုင်ငံတကာမြေပေါ်မှာ ခြေချလာတဲ့ စစ်အစိုးရ အဖွဲ့၀င်တွေကို ဖမ်းဆီးပြီးနိုင်ငံတကာ ရာဇ၀တ်မှုဆိုင်ရာခုံရုံးကို တင်သင့်ပါတယ်။” ■

---

## လုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ဆုံးဖြတ်ချက်ကျရေး အငြင်းပွားနေဆဲ

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

ကုလသမဂ္ဂက လူပေါင်းစုံ အဖွဲ့ပေါင်းစုံနဲ့လုပ်ရတဲ့ နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်သည့်အားလျော်စွာ ဆုံးဖြတ်ချက်တခုချဖို့အရေး၊ ဆုံးဖြတ်ချက်မူကြမ်းက ကျပြီးသားဖြစ်ပေမယ့် စကားလုံး အလေးအပေါ့ အတွက် အငြင်းပွားနေတယ်လို့ သိရပါတယ်။ ဥပမာအားဖြင့် ဆန္ဒပြသူတွေကို အကြမ်းဖက်ဖြိုခွဲတာကို ရှုတ်ချတယ်လို့ အမေရိကန်နဲ့ မဟာမိတ်တွေက သုံးချင်ပြီးတော့ တရုတ်နဲ့ ရုရှားတို့ကတော့ ဒီထက်ပိုပျော့ပြောင်းတဲ့ စကားလုံးမျိုးကို ရှာနေတယ်လို့ ဆိုပါတယ်။ ဒါက မျက်နှာစာအပိုင်းမှာ မြင်နေရတာတွေပေါ့လေ။ ဒါပေမဲ့ တကယ့်အနှစ်သာရကတော့ မြန်မာနိုင်ငံကိစ္စကိုလုံခြုံရေးကောင်စီက ကိုင်မလား အတွင်းရေးမှူးချုပ်က ကိုင်မလား ဆိုတဲ့ကိစ္စ ဖြစ်တယ်လို့ ဒီယူအင်ရုံးအနီးမှာရှိတဲ့ ညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ပြောပါတယ်။

“ဒီတပတ် ဆွေးနွေးပွဲမှာ ကွာတာက ပထမဆုံး အချိန်အနေနဲ့ ပါးပလစ်မီတိန်း သူတို့ လုပ်ပါတယ်။ လုံခြုံရေးကောင်စီအဖွဲ့၀င်တွေ အပြင်ကို ကုလသမဂ္ဂအဖွဲ့၀င်တိုင်း တက်ခွင့်ရတယ်။ နောက်တခုက သူတို့ ခွင့်ပြုတဲ့ အော်ပဇာဗားတွေ လေ့လာသူတွေ တက်ခွင့်ရတယ်။ အရင်တုန်းကဆိုလို့ရှိရင် မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အခုလိုမျိုး တံခါးပိတ်အစည်းအဝေးတွေ လုပ်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါပေမဲ့ ဒီ တံခါးပိတ် အစည်းအဝေးတွေမှာ ဆွေးနွေးတဲ့ သဘောထားတွေ ဒီတောင်းဆိုချက်တွေ။ အခြေခံ အချက်တွေမှာတော့ ကျနော်တို့ သဘောထားကွဲပြားမှု မရှိဘူးလို့ ကနေ့ ဗမာပြည်မှာ ဖြစ်နေတဲ့ နအဖကနေပြီးတော့ အကြမ်းဖက်မှုတွေ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ရှုတ်ချတယ်။ ဒါတွေကို ရပ်ခိုင်းဖို့ ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့နော် ဒီလူထုရဲ့ ဆန္ဒကို ဖော်ထုတ်မှုကို ကိုင်တွယ်တဲ့နေရာမှာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ အကြမ်းမဖက်ဖို့ နောက် ဒေါ်အောင်ဆန်းစုကြည်အပါအ၀င် နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ဖို့၊ ဩဂုတ် (၁၉) ကတည်းက ဖမ်းဆီး ထိန်းသိမ်းထားတဲ့ သူတွေကို ပြန်လွှတ်ပေးဖို့၊ လွှတ်မပေးခင်ကာလမှာလဲ အိုင်စီအာစီလို နိုင်ငံတကာ ကြက်ခြေနီလို အဖွဲ့အစည်းတွေကနေပြီးတော့ တွေ့ဆုံခွင့်ရဖို့ ၊ ကျန်တာကတော့ ဂန်ဘာရီရဲ့ လုပ်ဆောင်မှုတွေ အပေါ်မှာ ကြိုဆိုတာတို့ အာဆီယံတွေရဲ့ ယူအန်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအပေါ်မှာ ကြိုဆိုတာတို့ ပေါ့နော် ဒါတွေနဲ့ ပတ်သက်လို့ သိပ်ပြီးတော့ အငြင်းပွားစရာ မရှိပါဘူး။ ဒါပေမဲ့လို့ ယူအန်စက်ကြူရတီ ကောင်စီ လုံခြုံရေး ကောင်စီကနေပြီးတော့ ဘယ်လိုဆက်ပြီးတော့ ဒီကိစ္စကို ကိုင်တွယ်မလဲ ဆိုတဲ့ဟာနဲ့ ပတ်သက်လို့ပေါ့နော် ဆက်ပြီးတော့ ဆွေးနွေးနေတယ်လို့ သိရပါတယ်။” ဒေါက်တာသောင်းထွန်း ပြောသွားတာပါ။

ဒီညနေ ဘယ်လို အဖြေထွက်လာမလဲ။ နောက်တခါ ဒီစကားလုံးကိစ္စမှာတောင် ဒီလောက်အငြင်းပွားနေရင် လက်တွေ့အရေးယူဖို့ မဲခွဲ ဆုံးဖြတ်တဲ့အခါ တရုတ်ဖက်ကနေပြီးတော့ အရင်လိုဘဲ ဗီတိုအာဏာ သုံးအုံးမလား ဆိုတာကတော့ စဉ်းစားစရာ ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒေါက်တာသောင်းထွန်းကတော့ ယူအင်က ကြား၀င်တဲ့နည်းကလွဲရင် တခြားနည်း မရှိဘူးလို့ ပြောပါတယ်။

“အဲဒီတော့ လောလောဆယ်လုပ်ရမဲ့ အလုပ်က ကျနော်မြင်တယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ကြား၀င်ဆောင်ရွက်မှုကို အပြည့်အ၀ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက ဗမာပြည်မှာ သမိုင်းစာမျက်နှာဖွင့်နိုင်တော့မယ်လို့ ကျနော်တို့ မစ္စတာရာဇာလီကိုလက်ခံပြီးတော့ တွေ့ဆုံဆွေးနွေးမှုတွေဟာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့လို့ အဲဒီလိုဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေဟာ တကယ့်လက်တွေ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး အကောင်အထည်ဖော်မှုနဲ့ ဆက်စပ်လိုက်လာတာမရှိတဲ့အခါကျတော့ သံသယဖြစ်တဲ့လူတွေကိုလဲပဲ သံသယမဖြစ်ပါနဲ့လို့ ပြောလို့မရဘူး။ သို့သော်လဲပဲ ကျနော်တို့အနေနဲ့ မြင်တာကတော့ ကျနော်တို့ တိုင်းပြည်မှာ လက်ရှိ အကြပ်အတည်းတွေမှာ တခြား ထွက်ပေါက်မရှိဘူး။ လက်ရှိ အကြပ်အတည်းတွေကို တကယ့် ထွက်ပေါက်ဖြစ်လို့ရှိရင် ဒါ တန်းတူညီမျှမှုအပေါ်မှာ အခြေခံတဲ့ တွေ့ဆုံဆွေးနွေးရေး တရပ်လုပ်ဖို့ပဲ။ ဒီလိုပဲ မြင်တယ်။” ဒေါက်တာသောင်းထွန်းပြောသွားတာပါ။

နအဖရဲ့ ရိုးသားမှုအပေါ် သံသယရှိသူတွေ များနေနိုင်တယ်လို့ ဒေါက်တာသောင်းထွန်းက ပြောသွားပေမဲ့ အဲဒီလိုသံသယ ရှိသူတွေထဲမှာ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေအပြင် မြန်မာ့အရေးကျွမ်းကျင်တဲ့ နိုင်ငံတကာ ၀ါရင့်ပညာရှင်တွေ ပါနေတာကတော့ ထူးခြားနေပါတယ်။

“ကျနော်ကတော့ ဒီလိုခန့်အပ်မှုကနေ တိုးတက်တဲ့ ရလဒ်ကောင်းတွေ ထွက်လာလိမ့်မယ်လို့ မမြင်ပါဘူး။ ကျနော်တိုသိထားခဲ့ပြီးတဲ့ ပြီးခဲ့တဲ့ နှစ် (၂၀) ကာလအတွင်းက အချက်တွေအရဆိုရင် ဒါဟာ နောက်ကွယ်မှာ မြုပ်ကွက်တွေရှိနေနိုင်တဲ့ ၀ါဒဖြန့်ချိရေးသက်သက် ဖြစ်ကောင်းဖြစ်နေနိုင်ပါတယ်။ ပထမအချက်အနေနဲ့ ပြောမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရော ဒေါ်အောင်ဆန်းစုကြည်ရော မြန်မာစကား ကောင်းကောင်း ပြောတတ်ပါရဲ့နဲ့ သူတို့ (၂) ဦးကြား ဘာကြောင့် ဆက်သွယ်ရေး အရာရှိ ခန့်ဖို့လိုအုံးမလဲ။ တကယ်ပြောချင်ရင် တခါတည်း ဆွေးနွေးလို့ရပါတယ်။။ ဒုတိယအချက်ကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အာဏာသိမ်း တိုင်းပြည်ခေါင်းဆောင် စစ်ဗိုလ်ချုပ်ကြီးဖြစ်နေပြီး တဖက်ကဆွေးနွေးမဲ့ ဒေါ်အောင်ဆန်းစုကြည်က သူရဲ့ဖမ်းဆီးခြင်းကိုခံနေရတဲ့ အကျဉ်းသားတဦး ဖြစ်နေပါတယ်။ ဒါဟာ တရားမျှတမှု မရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ဓါးစာခံအဖြစ်အသုံးချမဲ့ပွဲ။ အချိန်ဆွဲတဲ့ နည်းဗျူဟာတခုသာဖြစ်ပါတယ်လို့ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် Rutgers တက္ကသိုလ်က အငြိမ်းစား ပါမောက္ခ ဒေါက်တာဂျိုးဇက် စီဗာစတိုင်း (Josef Silverstein) က ဝေဖန်သွားတာ ဖြစ်ပါတယ်။ ဒေါက်တာ စီဗာစတိုင်းဟာ မြန်မာ့နိုင်ငံရေးကို အတော်နှံ့စပ်ပြီး သုတေသနစာအုပ်တွေလဲ အများအပြား ရေးသားခဲ့သူဖြစ်တဲ့အတွက် သူရဲ့ပြောဆိုချက်ဟာ ထင်မြင်ချက်သက်သက် မဟုတ်ဘဲ သုတေသန အချက်လက်တွေပေါ် အခြေခံနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒီလိုဆိုရင်စစ်အစိုးရရဲ့ ခြေလှမ်းသစ်တွေအားလုံးဟာ အတုရောင် ၀ါဒဖြန့်ချိရေး လက်နက်သက်သက် ဖြစ်နေပြီလား။ ဒီ၀ါဒဖြန့်ချိရေးက ပြည်တွင်းပြည်ပက သူတို့အကြောင်း သိပ်ကောင်းကောင်း မသိသေးသူတွေကို ဘယ်လောက်အထိ ဆက်ပြီးအချိန်ဆွဲထားနိုင်မလဲဆိုတာကတော့ မကြာခင်မှာ အဖြေမှန်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ■

---